# သင်၏ Apple Health အာမခံအား အသစ်ပြန်လည်ပြုလုပ်ခြင်း

ကျန်းမာရေး အာမခံကို ထိန်းသိမ်းနိုင်ရန်အတွက် Apple Health (Medicaid) အာမခံကို နှစ်စဉ် အသစ်ပြန်လည် ပြုလုပ်ရမည်။ သင်ကိုယ်တိုင် သို့မဟုတ် သင့်အိမ်ထောင်စုဝင် တစ်ဦးဦး အတွက် အာမခံ ကို အသစ်ပြန်လည်ပြုလုပ်ရန် လိုအပ်သည့်အတွက် ယခု လက်ကမ်း စာစောင်ကို ရရှိခြင်း ဖြစ်ပါသည်။ သင့်အနေဖြင့် ရက်ချိန်းနှင့်လွဲသွားခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

## အာမခံကို အသစ်ပြန်လည်ပြုလုပ်ပုံ

အောက်ဖော်ပြပါ အသစ်ပြန်လည်ပြုလုပ်ခြင်းဆိုင်ရာ ရွေးချယ်မှုများထဲက တစ်ခုကို သုံးပါ-

### အွန်လိုင်းဖြင့်ဆိုပါက www.wahealthplanfinder.org တွင် ဝင်ရောက် လေ့လာပါ

- Washington Healthplanfinder အကောင့် တစ်ခုရှိပါက လော့ဂ်အင် ဝင်ရောက်ပြီး Quick Links အောက်ရှိ "Update My Application and Renew Coverage (ကျွန်ုပ်၏ လျှောက်လွှာအား အပ်ဒိတ်လုပ်ပြီး အာမခံကို အသစ်ပြန်လည်ပြုလုပ်ပါ)" ကို ရွေးပါ
- Healthplanfinder အကောင့် တစ်ခု မရှိပါက "Apply Now (ယခု လျှောက်လွှာတင်ပါ)" ကို ဝင်ပြီး သင့်အချက်အလက်များကို ရိုက်ထည့်ကာ Quick Links အောက်ရှိ "Update My Application and Renew Coverage (ကျွန်ုပ်၏ လျှောက်လွှာအား အပ်ဒိတ်လုပ်ပြီး အာမခံကို အသစ်ပြန်လည်ပြုလုပ်ပါ)" ကို ရွေးပါ

### WAPlanfinder မိုဘိုင်းအက်ပ်ကို အသုံးပြုခြင်း

- Washington Healthplanfinder အကောင့် တစ်ခု ရှိပါက သို့မဟုတ် တစ်ခုကို ဖွင့်လိုပါက အာမခံကို အသစ်ပြန်လည် ပြုလုပ်ရန်အတွက် WAPlanfinder အက်ပ်ကို သုံးပါ
- အက်ပ်သည် အက်ပ်စတိုး နှင့် ဂူးဂဲ ပလေး တို့တွင် ရနိုင်ပါ သည်

### 1-855-923-4633 ရှိ Healthplanfinder ဆိုင်ရာ ဖောက်သည် ဝန်ဆောင်မှု စင်တာသို့ ဖုန်းခေါ် ဆိုပါ

### အီးမေးလ်မှတစ်ဆင့် လက်ခံရရှိသည့် အသစ်ပြန်လည်ပြုလုပ်ထားသော စာရွက်စာတမ်းများကို အပ်ဒိတ်ပြုလုပ် ပြီး လက်မှတ်ရေးထိုးကာ အောက် ဖော်ပြပါ နေရာများထဲမှာ တစ်ခုကို ဆီသို့ ပြန်လည်ပေးပို့ပါ-

- **စာတိုက်-** PO Box 946, Olympia, WA 98507
- **Fax-** 1-855-867-4467
- **CSO-** သင်၏ ဒေသတွင်း DSHS အသင်းအဖွဲ့ ဝန်ဆောင်မှုရုံး၏ လော်ဘီ ရှိ စာရွက်စာတမ်း ဘောက်စ် တွင် ထားခဲ့ပါ- **www.dshs.wa.gov/office-locations**

သင်၏ အသစ်ပြန်လည်ပြင်ဆင်မှု လုပ်ဆောင်ပြီးသည်နှင့်တစ်ပြိုင်နက် သင် သို့မဟုတ် သင့်အိမ်ထောင်စုဝင် အနေဖြင့် အာမခံအတွက် အရည်အချင်း ပြည့်မီမှု ရှိသေးကြောင်း သိရှိနိုင်ရန်အတွက် အသိပေးစာတစ်စောင်ကို သင့် ထံ ပေးပို့သွားမည်ဖြစ်သည်။ သင့်အနေဖြင့် ဆက်လက်ဆောင်ရွက်သော ကျန်းမာရေး အာမခံအတွက် အရည်အချင်းပြည့်မှု ရှိ/မရှိကို ဆုံးဖြတ်နိုင်ရန် သင်၏ အသစ်ပြန်လည်ပြင် ဆင်မှုကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။

## ရက်ချိန်းကျော်လွန်သွားပါသလား။

သင့်နေဖြင့် ရက်ချိန်းကျော်လွန်သွားခြင်း သင် သို့မဟုတ် သင့်အိမ်ထောင်စု ဝင် အနေဖြင့် Apple Health အာမခံ ပျောက်ဆုံးသွားခြင်း ဖြစ်ပါက အောက် ဖော်ပြပါ အသစ်ပြန်လည်ပြုလုပ်ရေး လုပ်ငန်းစဉ်များထဲမှ တစ်ခု ကို အသုံးပြုကာ အသစ်ပြန်လည်ပြင်ဆင်ခြင်းကို ရက်ပေါင်း 90 အတွင်း ဆောင်ရွက်ရမည်ဖြစ်သည်။ သင့်အနေဖြင့် အရည်အချင်းပြည့်မီပါက သင်၏ အာမခံပျောက်ဆုံးသည့်နေ့ ရက်နှင့် ကွာဟမှုမရှိဘဲ ဆက်လက်အသက်ဝင်သွားမည်ဖြစ်သည်။

သင့်အနေဖြင့် Apple Health အတွက် အရည်အချင်းပြည့်မီမှု မရှိပါက အရည်အချင်းပြည့်မီသည့် ကျန်းမာရေး အစီအစဉ် တစ်ခုမှတစ်ဆင့် အခြား အာမခံကို အာမခံငွေ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ မပေးဆောင်ခြင်းဖြင့် ဖြစ်စေ အရည်အချင်း ပြည့်မီနိုင်ပါသည်။ သင့်အနေဖြင့် ၎င်းအစီအစဉ်များထဲမှ တစ်ခုတွင် အကျုံးဝင်ခြင်း မရှိ/မရှိကို ကြည့်ရန်အတွက် သင်၏ အသစ်ပြန်လည်ပြုလုပ်သည့် အာမခံကို ပြည့်စုံ အောင် ဖြည့်ရမည်။

## မေးခွန်းများရှိပါသလား။

သင့်အနေဖြင့် Apple Health အာမခံနှင့်ပတ်သက်ပြီး မေးခွန်းများမေးမြန်း လိုပါက ကျေးဇူးပြုပြီး အောက်ဖော်ပြပါ ကျန်းမာရေး စောင့်ရှောက်မှု အာဏာပိုင်၏ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေး ဖောက်သည် ဝန်ဆောင်မှု စင်တာ သို့ ဆက်သွယ်နိုင်ပါသည်-

- **ဖုန်း-** 1-800-562-3022
- **လုံခြုံရေး ဝက်ဘ် ပုံစံ-** **https://fortress.wa.gov/hca/p1contactus/**